ကျောင်းသား နေရာချထားရေး စင်တာသည် မည်သည့်နေရာတွင် ရှိသနည်း။

999 N. University Drive
(North of Dowtown)
Fort Worth, TX 76114
Phone: 817.815.7700
အီးမေးလ်- spc@fwisd.org



Fort Worth လွတ်လပ်သော ကျောင်းခရိုင် (Fort Worth Independent School District) သည် လူမျိုး၊ အသားအရောင်၊ ကိုးကွယ်သည့်ဘာသာ၊ လိင်၊ မူရင်းနိုင်ငံ၊ အသက်၊ လိင်စိတ်တိမ်းညွတ်မှု၊ မသန်စွမ်းမှု၊ လိင်အထောက်အထားနှင့် ဖော်ပြမှု၊ စစ်မှုထမ်း/စစ်မှုထမ်းဟောင်း အဆင့်အတန်း သို့မဟုတ် ဥပဒေအရ တားမြစ်ထားသော အခြားမည်သည့် အကြောင်းအရာတစ်ခုခုအပေါ် အခြေခံ၍ ဝန်ထမ်းတစ်ဦးဦးအား နှောင့်ယှက်စော်ကားခြင်း ပါဝင်သည့် ခွဲခြားဆက်ဆံမှုများကို တားမြစ်ထားပါသည်။ တိုင်ကြားမှု လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်သူ မည်သူ့ကိုမဆို လက်စားချေခြင်းသည် ခရိုင် မူဝါဒကို ချိုးဖောက်ခြင်းဖြစ်သည်။ ခွဲခြားဆက်ဆံမှု မရှိရေး မူဝါဒများနှင့် ပတ်သက်သည့် စုံစမ်းမေးမြန်းမှုများကို ကိုင်တွယ်ဖြေရှင်းရန် အောက်ပါပုဂ္ဂိုလ်အား တာဝန်ပေးအပ်ထားပါသည်- Cynthia Allen, Title IX Coordinator, 7060 Camp Bowie Blvd., Fort Worth, TX 76116, 817.814.1837, အီးမေးလ်- TitleIX@fwisd.org

Fort Worth
INDEPENDENT SCHOOL DISTRICT

ပြင်ဆင်ရေးသားရက် 8-28-2026

Burmese

¡Bienvenidos!

Soo dhawow!

Svāgata cha!

'ahlaan bk!

Kyaosopaartaal!

Welcome!

ကျောင်းသား နေရာချထား ရေး စင်တာ

Fort Worth Independent School District

ကျောင်းသား နေရာချထားရေး စင်တာ (Student Placement Center) ဆိုတာ ဘာလဲ။

Fort Worth ISD ကျောင်းသား နေရာချထားရေး စင်တာသည် တက္ကဆပ်စ် (Texas) အစိုးရကျောင်းများတွင် တစ်ခါမျှ ကျောင်းမတက်ဖူးသေးသော၊ အင်္ဂလိပ်ဘာသာစကား မဟုတ်သည့် အခြားဘာသာစကားကို ပြောဆို သို့မဟုတ် နားလာသည့် မိသားစုသစ်များအတွက် ကူညီပံ့ပိုးပေးပါသည်။ စင်တာသည် ကျောင်းအပ်နှံရေး ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးပြီး ပညာရေးအရ အောင်မြင်သော ပညာသင်နှစ်ဖြစ်စေရန် စတင်သည့် လမ်းကြောင်းပေါ်သို့ ကျောင်းသားများ ရောက်ရှိစေရေးအတွက် ဆန်းစစ်ပေးပါသည်။

အင်္ဂလိပ်ဘာသာစကား မဟုတ်သည့် အခြားဘာသာစကားကို ပြောဆိုသော ကျောင်းသားသစ်အားလုံး စစ်ဆေးခံရန် လိုအပ်ပါသလား။

Iအောက်ပါ မေးခွန်းသုံးခုအနက် မည်သည့်မေးခွန်းမဆို အင်္ဂလိပ်ဘာသာမှလွဲ၍ အခြားဘာသာစကားဖြင့် ဖြေဆိုထားပြီး၊ ကျောင်းသားသည် Texas အစိုးရကျောင်းတွင် တစ်ခါမျှ ကျောင်းမတက်ဖူးပါက အဖြေမှာ "ဟုတ်ကဲ့" ဖြစ်ပါသည်။

1. အိမ်တွင် မည်သည့် ဘာသာစကားများကို အသုံးပြုပါသနည်း။
2. ပြုပါသနည်း။
3. ကလေးသည် ယခင်က အခြားအိမ်ဝန်းကျင်တွင် နေထိုင်ခဲ့ပါက မည်သည့် ဘာသာစကားများကို အသုံးပြုခဲ့ပါသနည်း။ ယခင်က အခြားအိမ်ဝန်းကျင် မရှိခဲ့ပါက သက်ဆိုင်ခြင်းမရှိပါ (N/A) ဟု ဖြေဆိုပါ။

လုပ်ငန်းစဉ် ကြာချိန် မည်မျှရှိသနည်း။

ကျောင်းသား၏ အတန်းနှင့် အရည်အချင်းစစ်ဆေးမှုအပေါ် မူတည်၍ ကြာချိန်သည် 45 မိနစ်မှ 2.5 နာရီအထိ ကွာခြားမှု ရှိနိုင်ပါသည်။ မူလတန်းအရွယ် ကျောင်းသားများ၏ အရည်အချင်းစစ်ဆေးမှုမှာ အလယ်တန်း/အထက်တန်း အရွယ် ကျောင်းသားများလောက် မကြာမြင့်သည့်အတွက် နံနက်ပိုင်း နောက်ကျချိန် သို့မဟုတ် မွန်းလွဲပိုင်းတွင် ရက်ချိန်း သတ်မှတ်ပေးနိုင်ပါသည်။

မိဘများအနေဖြင့် ကျောင်းသားများနှင့် သက်ဆိုင်သည့် မည်သည့် မှတ်တမ်းများကို ကျောင်းသား နေရာချထားရေး စင်တာသို့ ယူဆောင်လာရမည်နည်း။

- ကျောင်းသား၏ အသက်နှင့်
- မည်သူမည်ဝါဖြစ်ကြောင်း
- သက်သေခံအထောက်အထား
- လက်ရှိ ကာကွယ်ဆေးထိုးနှံထားသည့် မှတ်တမ်း
- မိဘ/အုပ်ထိန်းသူ၏ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံကတ်ပြား နေရပ်လိပ်စာ အထောက်အထား
- အမှတ်စာရင်း သို့မဟုတ် နိုင်ငံတကာ အမှတ်စာရင်း (အကျုံးဝင်ပါက ယခင်ကျောင်းမှ မည်သည့်

မိဘများသည် လိုအပ်သော စာရွက်စာတမ်းများကို အောက်ပါအီးမေးလ်သို့ ပေးပို့နိုင်ပါသည်။ SPC@fwisd.org

မိဘများအနေဖြင့် ရက်ချိန်းယူရန် လိုအပ်ပါသလား။

ဟုတ်ကဲ့၊ ကျောင်းသား နေရာချထားရေး စင်တာ ဖုန်း 817.815.7700 သို့ ခေါ်ဆို၍ ရက်ချိန်းယူရမည် သို့မဟုတ် SPC အဖွဲ့ဝင်တစ်ဦးမှ မိဘထံ ဆက်သွယ်ပါလိမ့်မည်။

ရုံးဖွင့်ချိန်များမှာ မည်သည့်အချိန်များ ဖြစ်သနည်း။

စင်တာကို ကျောင်းပိတ်ရက်များမှလွဲ၍ တနင်္လာမှ သောကြာနေ့အထိ နံနက် 8:00 နာရီမှ ညနေ 5:00 နာရီအထိ ဖွင့်လှစ်ထားပါသည်။

မိဘများသည် မိမိတို့၏ ကျောင်းသားကို စင်တာသို့ ခေါ်ဆောင်လာသည့်အခါ မည်သည်တို့ကို မျှော်လင့်နိုင်သနည်း။

မိဘများသည် အောက်ပါတို့ကို မျှော်လင့်နိုင်ပါသည်-

- အင်္ဂလိပ်၊ စပိန်နှင့် အခြားဘာသာစကားများ ပြောဆိုနိုင်သော ဝန်ထမ်းများ၏ ကြိုဆိုမှုကို ရရှိမည် (တောင်းဆိုပါက စကားပြန် ရရှိနိုင်ပါသည်)
- အောက်ပါကိစ္စရပ်များအတွက် သတင်းအချက်အလက်/အကူအညီ ရယူရန်
    - ကျောင်းသား/သူများ ကျောင်းအပ်နှံခြင်း
    - ကနဦး နေရာချထားမှု အကဲဖြတ်ခြင်း
    - နှစ်ဘာသာ/ESL သင်ရိုးညွှန်းတမ်းဆိုင်ရာ အချက်အလက်များ
    - နိုင်ငံတကာ ထောက်ခံစာ/အမှတ်စာရင်း ဘာသာပြန်ဆိုခြင်း
    - ကျောင်းကား စီးနင်းမှုဆိုင်ရာ အချက်အလက်များ
    - ကာကွယ်ဆေးထိုးနှံမှုဆိုင်ရာ အချက်အလက်များ
    - Fort Worth ISD ဆိုင်ရာ အချက်အလက်များ (ဝတ်စားဆင်ယင်မှု စည်းကမ်း၊ မိဘ ပေါ်တယ် စသည်ဖြင့်)
    - မိဘ/ကျောင်းသား မိတ်ဆက်ရှင်းလင်းပွဲ (Orientation)
    - နိုတြီ (Notary) ဝန်ဆောင်မှုများ
- ကာကွယ်ဆေးထိုးနှံရေး သတင်းအချက်အလက်
- Fort Worth ISD သတင်းအချက်အလက် (ဝတ်စားဆင်ယင်မှု စည်းကမ်း၊ မိဘ ပေါ်တယ်လ် စသည်ဖြင့်) မိဘ/ကျောင်းသား မိတ်ဆက်ရှင်းလင်းပွဲ နိုတြီ ဝန်ဆောင်မှုများ
- သတ်မှတ်ပေးထားသော ကျောင်းအတွက် ကျောင်းအပ်နှံရေး အချက်အလက်များ ပါရှိသည့် စာအိတ်အဝါရောင်ကို ယူဆောင်၍ စင်တာမှ ထွက်ခွာရမည် (ရရှိနိုင်သော ကျောင်းအပ် စာရွက်စာတမ်းများကို အွန်လိုင်း ကျောင်းအပ်နှံရေး ဝဘ်ဆိုက်တွင် တင်ပေးထားသည်)

စင်တာက ဆောင်ရွက်ပေးသော ဝန်ဆောင်မှုများအတွက် ကြေးငွေ ကောက်ခံမှု ရှိပါသလား။

မဟုတ်ပါ။ Fort Worth ISD သည် ဤဝန်ဆောင်မှုများကို အခမဲ့ ပေးဆောင်ပါသည်။